**Karenni Nationalities Defence Force**

**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ။၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့။

ဇန်နဝါရီလ (၁) ရက်နေ့ ညနေပိုင်း (၁၆း၃၀) အတွင်း မြို့မရဲစခန်းကပ်ရပ်၊ဘုရားစေတီဝိုင်းထဲတွင် တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်များကို PDF ပူးပေါင်းတပ်ဖွဲ့များနှင့်အတူ KNDF နှင့် ကရင်နီတပ်မတော် (KA) တို့မှ ရှောင်တခင်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ၊ အကြမ်းဖက်စစ်ကောင်စီတပ်သား (၅) ဦး ပွဲးချင်းပြီးသေဆုံးခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တိုက်ပွဲအတွင်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့သော မိမိတို့ရဲဘော်တစ်ဦး ဆေးကုသမှုခံယူနေစဉ် ကျဆုံးခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်ကို ခုခံတိုက်ခိုက်ရင်း ဖက်ဒရယ် ဒီမိုကရေစီအရေးတော်ပုံအတွက် အသက်ပေးသွားသော ရဲဘော်အား KNDF မှ အမျိုးသားအာဇာနည်သူရဲကောင်းအဖြစ် လေးစားအသိမှတ်ပြု သမိုင်းမှတ်တမ်းတင်အပ်ပါသည်။

ဒီဇင်ဘာလ (၃၁) ရက်နေ့တိုက်ပွဲအတွင်း ပြည်သူ့ကာကွယ်ရေးမဟာမိတ်ပူးပေါင်းတပ်များမှ ရဲဘော် တစ်ဦးကျဆုံးပြီး ရဲဘော်အချို့ဒဏ်ရာရရှိခဲ့ကြောင်းသိရပါသည်။ တိုက်ပွဲအတွင်းကျဆုံးခဲ့ရသော ရဲဘော်များအား KNDF မှ အလေးပြုပါသည်။

လွိုင်ကော်၊ ဒီးမော့ဆိုနှင့်၊ ဖရူဆိုမြို့နယ်တို့တွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိပြီး စစ်ရေးအရှိန်မြင့်လာမည့်အခြေအနေဖြစ်သဖြင့် ပြည်သူများအနေဖြင့် ခရီးသွားလာခြင်းမပြုရန်အသိပေးအပ်ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။